# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 16, 2024 Volume 80, Number 12


၁၆.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၃၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၁.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခူပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးခူပိဿာချိန် ၇၅,၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ငါးခူပိဿာချိန် ၅၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ ငါးခူ ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူများတင်ပို့ရောင်းချအား တက်လာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

"ငါးခူ တင်ပို့အားကောင်းတော့ အဓိကအဆင်ပြေနေတာတော့ ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ငါးခူပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ အချိန်က ဒေသမှာ ငါးခူတွေထွက်ရှိနေတဲ့အချိန်ပါ။ ဒီငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ ကျိုက်လတ်မြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅,၀၀၀ မှ ၁၅၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ ငါးခူများဝယ်ယူမှုအားကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ငါးခူရှာဖွေသူလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာကပြောပြ၍ သိရသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ရက် ၉၀ စပါးတင်းရေ ၆၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ရက် ၉၀ စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး

ပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ပြီးခဲ့တဲ့တစ်လတွင်းမှာ ရက် ၉၀ စပါးအမျိုးအစားတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်ဘက်က စပါးနဲ့ဆန်တွေကို ပြည်တွင်းဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ စပါးတွေကိုဝယ်ယူပြီး ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ စပါးဈေးကလဲ အတက်အကျမရှိ ပုံမှန်အခြေအနေမှာရှိနေပါတယ်။ ရန်ကုန်စျေးကွက်က ဒီလထဲမှာလဲ ပန်းတနော်ဘက်ကစပါးတွေကို အဝယ်လိုက်နေပါတယ်" ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၁ သိန်း ၅ သောင်းထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ် လုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## စင်ကာပူနိုင်ငံတွင် ဒီဇယ်ကားနှင့်အငှားယာဉ် (Taxi) များ အသစ်မှတ်ပုံတင်ခြင်း ရပ်ဆိုင်းမည်ဖြစ်

စင်ကာပူနိုင်ငံတွင် ဒီဇယ်ကားနှင့် အငှားယာဉ် (Taxi) များ အသစ်မှတ်ပုံတင်ခြင်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ရပ်ဆိုင်းမည်ဖြစ်ကြောင်း စင်ကာပူကုန်းလမ်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Land Transport Authority) က ထုတ်ပြန်ခဲ့သည်။ ၂၀၄၀ ပြည့်နှစ်တွင် ယာဉ်အားလုံး သန့်ရှင်းသောစွမ်းအင်အသုံးပြုရန် စင်ကာပူနိုင်ငံ၏ မျှော်မှန်းချက်အရ လည်းကောင်း၊ Singapore Green Plan 2030 ၏ ဦးတည်ချက်များထဲမှ တစ်ခုဖြစ်သည့် Clean-energy Vehicles 2025 target အရလည်းကောင်း ယင်းကဲ့သို့ သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ၂၀၂၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ ဒီဇယ်ကားနှင့်အငှားယာဉ် (Taxi) များ အသစ်မှတ်ပုံတင်ခြင်းမှာ ၁ ရာခိုင်နှုန်းထက်နည်းသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ အဆိုပါ ယာဉ်အမျိုးအစားများ အသစ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မတိုင်မီ မှတ်ပုံတင်ထားသည့် ဒီဇယ်ကားများမှာ ၎င်းတို့သက်ဆိုင်ရာ မှတ်ပုံတင်အမျိုးအစားအလိုက် သက်တမ်းတိုးနိုင်မည်ဖြစ်သော်လည်း သက်တမ်းတိုးခြင်းကို အားမပေးသည့်အနေဖြင့် လမ်းအသုံးပြုခများ ပိုမိုပေးဆောင်ရခြင်းများရှိမည်ဖြစ်ကြောင်း၊ သို့ရာတွင် Classic Vehicle Scheme and Vintage Vehicle Scheme အရ ယာဉ်မှတ်ပုံတင်ခြင်းနှင့် တင်သွင်းခြင်းများ အကျုံးဝင် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြထားသည်။

စင်ကာပူနိုင်ငံတွင် ဒီဇယ်ကားနှင့် အငှားယာဉ် (Taxi) များ အသစ်မှတ်ပုံတင်ခြင်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စ၍ ရပ်ဆိုင်းမည့်အစီအစဉ်မှာ သန့်ရှင်းသောစွမ်းအင်အသုံးပြုရေး၊ လောင်စာဆီသုံးစွဲမှုလျှော့ချနိုင်ရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး၊ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညဖြစ်စေရေး စသည့်တို့အတွက် စင်ကာပူနိုင်ငံ၏ ဆောင်ရွက်မှုတစ်ခု ဖြစ်ပါကြောင်း သိရသည်။

**Source: သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး**
**စင်ကာပူ**

## ယခုနှစ်၌ ထိုင်းနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု တန်ချိန် ၈ သိန်းခန့်ရှိနိုင်



ပြည်တွင်း ဆီအုန်းသီးခိုင်ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်လျက် ယခုနှစ်တွင် စားအုန်းဆီကြမ်း တန်ချိန် ၈ သိန်း တင်ပို့ရန် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ပြည်တွင်းကုန်သွယ်ရေးဌာနက မျှော်မှန်း ထားကြောင်း Bangkok Post သတင်းဌာနက ၈-၇-၂၀၂၄ ရက်တွင် ဖော်ပြ ပါသည်။

ထိုင်းနိုင်ငံ၌ ပြည်တွင်းဆီအုန်းသီးဈေးနှုန်းများသည် ဧပြီလမှ မေလအတွင်း ကျဆင်းခဲ့ပြီးနောက် တစ်ကီလိုဂရမ်အပေါ် ၅ ဘတ်ကျော်အထိ ပြန်လည်မြင့်တက်လာကြောင်း၊ ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာနသည် ဆီအုန်းရောင်းလိုအား ပိုလျှံနေမှုကို လျှော့ချရန်အတွက် စားအုန်းဆီ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး စီစဉ်လျက်ရှိပြီး ဆီအုန်းသီးဈေးနှုန်းမြင့်တင်မှုကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် ထိုင်းနိုင်ငံမှ စားအုန်းဆီကြမ်း တန်ချိန် ၄ သိန်းခန့် တင်ပို့ခဲ့ပြီး ဒုတိယနှစ်ဝက် တွင်လည်း တန်ချိန် ၄ သိန်းခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ် စားအုန်းဆီကြမ်းတင်ပို့မှုပမာဏသည် ယခင်နှစ်နှင့်အလားတူပင် စုစုပေါင်းတန်ချိန် ၈ သိန်းခန့်ရှိနိုင်ကြောင်း၊ ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးနှုန်းတို့မှာ တူညီသည့် အဆင့်၌ရှိသဖြင့် ထိုင်းနိုင်ငံမှ ထွက်ရှိသည့် စားအုန်းဆီကြမ်းသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုရှိကြောင်း ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Suriam က ပြောဆိုခဲ့သည်။

ထိုင်းစားအုန်းဆီကြမ်းဈေးနှုန်းသည် ဇွန်လတွင် တစ်ကီလိုဂရမ်လျှင် ၃၂ ဒသမ ၆၃ ဘတ်ရှိရာမှ လက်ရှိကာလ၌ တစ်ကီလိုဂရမ်လျှင် ၃၃ ဒသမ ၂၅ ဘတ်ရှိကြောင်း၊ ကမ္ဘာ့စားအုန်းဆီကြမ်း ဈေးကွက်တွင်မူ ဇွန်လ၌ တစ်ကီလိုဂရမ်လျှင် ၃၁ ဒသမ ၃၅ ဘတ်ရှိခဲ့ရာမှ ယခု ၃၂ ဒသမ ၇၂ ဘတ်ခန့် ဖြစ်ပေါ်နေသည့်အတွက် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ပြည်တွင်းစားသုံးမှုအတွက် စားအုန်းဆီကြမ်းလိုအပ်ချက် စုစုပေါင်းတန်ချိန် ၁၁၀,၀၀၀၊ ဇီဝဒီဇယ် ထုတ်လုပ်မှုအတွက် တန်ချိန် ១၂၀,၀၀၀ နှင့် ပြည်ပတင်ပို့ရန် တန်ချိန် ၈၀၀,၀၀၀ မှ ၉၀၀,၀၀၀ ခန့်ရှိပြီး အိန္ဒိယနိုင်ငံသည် ထိုင်းနိုင်ငံ၏ အဓိကစားအုန်းဆီဈေးကွက်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၌ လက်ရှိကာလတွင် စားအုန်းဆီကြမ်း တန်ချိန် ၃၀၀,၀၀၀ လက်ကျန်သိုလှောင်ထားကြောင်း၊ ဘတ်ငွေတန်ဖိုး ကျဆင်းခြင်းက နိုင်ငံ၏စားအုန်းဆီကြမ်း တင်ပို့မှုအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းပြည်တွင်းကုန်သွယ်ရေး ဌာနသည် ဆီအုန်းသီးဝယ်ယူသူများနှင့် စားအုန်းဆီထုတ်လုပ်သည့် စက်ရုံများအား ပုံမှန်အတိုင်း ဆက်လက်ဝယ်ယူရန်နှင့် ဆီအုန်းသီးများ သဘာဝအလျောက် ရင့်မှည့်မှုမဟုတ်ဘဲ အချိန်မတိုင်မီ ဆွတ်ခူးယူခြင်းမှရှောင်ကြဉ်ရန် ညွှန်ကြား ထားကြောင်း၊ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ပါက ၁၉၉၉ ခုနှစ် ကုန်စည်နှင့်ဝန်ဆောင်မှုများ အက်ဥပဒေအရ ထောင်ဒဏ် ၅ နှစ်၊ ဒဏ်ငွေ ဘတ် ၁၀၀,၀၀၀ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ခံရနိုင်ကြောင်း၊ သတ်မှတ်ထားသည့် ဆီအုန်းသီး ဈေးနှုန်းအောက် လျှော့ချဝယ်ယူပါက အမြင့်ဆုံးထောင်ဒဏ် ၇ နှစ်၊ အမြင့်ဆုံးဒဏ်ငွေ ဘတ် ၁၄၀,၀၀၀ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်ဟု အဆိုပါအမိန့်တွင်ဖော်ပြထားကြောင်း ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak က ပြောဆိုသည်။

ထို့ပြင် အဆိုပါအမိန့်စာတွင် စားအုန်းဆီထုတ်လုပ်သည့် စက်ရုံများ၊ လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှုများကို ဦးစီးဌာနသို့ နေ့စဉ်အစီရင်ခံတင်ပြရန်နှင့် အဓိကအားဖြင့် စားအုန်းသီးဝယ်ယူမှု ပမာဏ၊ ဝယ်ယူသည့် နှုန်းထားများနှင့် စားအုန်းဆီ ထုတ်ယူဆီပမာဏတို့ ပြုစုတင်ပြရမည်ဖြစ်ကြောင်း၊ အဆိုပါစည်းကမ်းချက်ဖြစ်သည့် ထုတ်ယူထားသော ဆီပမာဏနှင့် သိုလှောင်ရာနေရာကို အစီရင်ခံရန် ပျက်ကွက်ပါက အများဆုံးထောင်ဒဏ် ၁ နှစ်၊ အမြင့်ဆုံး ဒဏ်ငွေ ဘတ် ၂၀၀၀၀ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လယ်သမားများ ခေါင်းပုံဖြတ်ခံရခြင်းမှ ကာကွယ်ရန်အတွက် ဆီအုန်းစိုက်ခင်းများနှင့် စားအုန်းဆီ ထုတ်လုပ်သည့်လုပ်ငန်းများတွင် အချိန်အတွယ်များ မှန်ကန်မှုရှိ/မရှိစစ်ဆေးရန် ဦးစီးဌာနမှတာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း၊ ဈေးကောင်းရရှိရန်အတွက် ဆီအုန်းသီးများ သဘာဝအလျောက် ရင့်မှည့်ကြွေကျချိန်ရောက်ရှိမှသာ ဖြတ်တောက်ခူးဆွတ်ရန် တောင်သူများအား တိုက်တွန်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လတ်ဆတ်သော ဆီအုန်းသီးခိုင် တန်ချိန် ၁၈ သန်းခန့်ထွက်ရှိပြီး ယခင်နှစ်ကဲ့သို့အလားတူ စားအုန်းဆီကြမ်း တန်ချိန် ၃ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားရှိကြောင်း သတင်းရရှိသည်။

**Source: Bangkok Post, 8 Jul 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**https://www.doca.gov.mm/**

## အာဖဂန်ကုန်သည်များသည် ပထမဆုံးအကြိမ်အဖြစ် ကြက်သွန်နီများအား ပါကစ္စတန်မှတစ်ဆင့် အိန္ဒိယသို့တင်ပို့



အာဖဂန်နစ္စတန်မှ အိန္ဒိယသို့ ကြက်သွန်နီတင်ပို့သည့် လုပ်ငန်းစဉ်ကို ပထမဆုံးအကြိမ် စတင်လိုက်ပြီဖြစ်ကြောင်း Kunar ပြည်နယ်မှ ကုန်သည်များက ပြောကြားခဲ့သည်။ ထို Afghani (AFN) ၉၁ သန်းခန့်တန်ဖိုးရှိသော ကြက်သွန်နီတင်ပို့မှုသည် အိန္ဒိယနိုင်ငံသို့ ၁ လမပြည့်မီ ကာလအတွင်း ရောက်ရှိမည်ဖြစ်သည်။ ရှေးဦးစွာ တန်ချိန် ၈၀၀၀ ခန့်ရှိသော ကြက်သွန်နီများအား ပထမဆုံးအကြိမ်အဖြစ် ပါကစ္စတန်မှတစ်ဆင့်အိန္ဒိယသို့ တင်ပို့ခဲ့ပြီးကြောင်း TV မှတစ်ဆင့် ထုတ်လွှင့်ပြောကြားခဲ့သည်။

ယနေ့ခေတ်တွင် ပြည်ပဈေးကွက်ဖြစ်သည့် ဈေးကွက်ကောင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး တောင်သူများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာတော့မည်ဖြစ်သည်။ သို့သော် ပိုမိုကောင်းမွန်သော မျိုးစေ့များရရှိနိုင်ရန်နှင့် ထိုအသီးအနှံများကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်အတွက် အအေးခန်းများအား ဆောက်လုပ်ပေးရန်လိုအပ်ပြီး လမ်းပန်းဆက်သွယ်ရေး ပြဿနာများလည်း ရှိသေးကြောင်း ကြက်သွန်ကုန်သည်တစ်ဦးနှင့် ကြက်သွန်စိုက်တောင်သူတစ်ဦးမှ ပြောကြားခဲ့သည်။

သက်ဆိုင်ရာ ပြည်နယ်တာဝန်ရှိသူများကလည်း ကုန်သည်များအား ၎င်းတို့၏ ထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်ရန်လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများနှင့် အထောက်အကူများအား ပံ့ပိုးကူညီပေးသွားမည်ဟု အာမခံခဲ့သည်။ အစ္စလာမ်စော်ဘွားကြီး အာဖဂန်နစ္စတန် (IEA)မှ အာဏာပြန်လည်ရရှိပြီးနောက် အာဖဂန်နိုင်ငံ၏ ပို့ကုန်များသည် နိုင်ငံခြားဈေးကွက်သို့ တင်ပို့မှုတိုးမြင့်လာခဲ့သည်။ ပြည်ပနိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုစတင်ခြင်းသည် အကျိုးအမြတ်များစွာရရှိလိမ့်မည်ဟု အာဖဂန်ပြည်နယ်အတွင်းရှိ တောင်သူများနှင့်ဒေသခံအချို့ကလည်း ယုံကြည်ထားကြသည်။

**Source: bxecorder**

**https://www.doca.gov.mm**

## ၂၀၂၃-၂၄ စားသုံးဆီနှစ် (နိုဝင်ဘာလမှအောက်တိုဘာလအထိ) ပထမ ၈ လအတွင်း အိန္ဒိယနိုင်ငံမှ စားသုံးဆီတင်သွင်းမှု ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

၂၀၂၃-၂၄ စားသုံးဆီနှစ်(နိုဝင်ဘာလမှ အောက်တိုဘာလအထိ) ၈ လအတွင်း အိန္ဒိယနိုင်ငံမှ စားသုံးဆီတန်ချိန် ၁၀ ဒသမ ၀၉ သန်း တင်သွင်းခဲ့ပြီး ယခင်နှစ် ကာလတူက တန်ချိန် ၁၀ ဒသမ ၃၆ သန်း တင်သွင်းခဲ့သည့်အတွက် ၂ ဒသမ ၆၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော် ၂၀၂၄ ခုနှစ် ဇွန်လက စားသုံးဆီတန်ချိန် ၁ ဒသမ ၅၂ တန် တင်သွင်းခဲ့ရာ လွန်ခဲ့သောနှစ်ကာလတူက တန်ချိန် ၁ ဒသမ ၃၁ သန်းသာ တင်သွင်းခဲ့သည့်အတွက် တင်သွင်းမှု ၁၆ ဒသမ ၄၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၁ ရက်က ဖော်ပြသည်။

၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း စားအုန်းဆီနှင့် ပဲပိစပ်ဆီတင်သွင်းမှု ကျဆင်းခဲ့ကြောင်း Solvent Extractors' Association of India(SEA)မှ အချက်အလက်များအရ သိရသည်။ အဆိုပါ ၈ လတာကာလအတွင်း စားအုန်း

ဆီကြမ်းနှင့်သန့်စင်ပြီးစားအုန်းဆီ(RBD palmolein)အပါအဝင် စုစုပေါင်းစားအုန်းဆီတင်သွင်းမှုသည် ယခင်နှစ် ကာလတူက တန်ချိန် ၆ ဒသမ ၀၃ သန်း တင်သွင်းခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၅ ဒသမ ၇ သန်းသို့ လျော့ချတင်သွင်းခဲ့ကြောင်း SEA အမှုဆောင်ဒါရိုက်တာ BV Mehta က ပြောကြားသည်။

၂၀၂၃-၂၄ စားသုံးဆီနှစ်၊ နိုဝင်ဘာလမှ ဇွန်လအထိ အိန္ဒိယနိုင်ငံမှ သန့်စင်ပြီးစားအုန်းဆီ(RBD palmolein) တင်သွင်းမှု တန်ချိန် ၁ ဒသမ ၃၈ သန်းရှိပြီး၊ ယခင်နှစ် ကာလတူက တန်ချိန် ၁ ဒသမ ၄ သန်း တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပဲပိစပ်ဆီတင်သွင်းမှု တန်ချိန် ၁ ဒသမ ၈၆ သန်းရှိပြီး ယခင်နှစ် ကာလတူက တန်ချိန် ၂ ဒသမ ၄၈ သန်း တင်သွင်းခဲ့ကြောင်းသိရသည်။ သို့သော် ယခင်နှစ် နိုဝင်ဘာလမှ ဇွန်လအထိကာလအတွင်း နေကြာဆီတင်သွင်းမှုတန်ချိန် ၁ ဒသမ ၈၅ သန်းသာရှိခဲ့ရာမှ ယခုနှစ်ကာလတူ၌ ၂ ဒသမ ၄၆ သန်း တင်သွင်းခဲ့သည့်အတွက် တင်သွင်းမှုမြင့်တက်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း စုစုပေါင်းစားသုံးဆီတင်သွင်းမှု၌ စားအုန်းဆီပါဝင်မှု ၅၇ ရာခိုင်နှုန်းရှိပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ စားသုံးဆီချော(soft oils)ပါဝင်မှု ၄၃ ရာခိုင်နှုန်းရှိကာ ယခင်နှစ်ကာလတူကထက် ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း Mehta က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့သည် အိန္ဒိယနိုင်ငံသို့ သန့်စင်ပြီးစားအုန်းဆီ(RBD palmolein)နှင့် စားအုန်းဆီကြမ်း (crude palm oil)ကို အဓိကတင်ပို့သောနိုင်ငံများဖြစ်ကြသည်။ ၂၀၂၃-၂၄ ခုနှစ်၊ နိုဝင်ဘာလမှဇွန်လအထိ အင်ဒိုနီးရှားနိုင်ငံမှ သန့်စင်ပြီး စားအုန်းဆီ(RBD palmolein)တန်ချိန် ၁ ဒသမ ၁၇ သန်းနှင့် စားအုန်းဆီကြမ်း(crude palm oil)တန်ချိန် ၁ ဒသမ ၉၉ သန်း တင်ပို့ခဲ့ကာ၊ မလေးရှားနိုင်ငံမှ သန့်စင်ပြီးစားအုန်းဆီ(RBD palmolein) တန်ချိန် ၀ ဒသမ ၂ သန်းနှင့် စားအုန်းဆီကြမ်း(crude palm oil)တန်ချိန် ၁ ဒသမ ၇၇ သန်းတင်ပို့ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပဲပိစပ်ဆီကြမ်း(အခဲဖယ်ပြီးဆီ၊ de-gummed oil)ကို အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၁ ဒသမ ၀၅ သန်းနှင့် ဘရာဇီးနိုင်ငံမှ ၀ ဒသမ ၆၂ သန်းတင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလ အတွင်း ရုရှားနိုင်ငံမှ နေကြာဆီကြမ်းတန်ချိန် ၁ ဒသမ ၁၇ သန်း၊ ရိုမေးနီးယားနိုင်ငံမှ တန်ချိန် ၀ ဒသမ ၆ သန်း၊ ယူကရိန်းနိုင်ငံမှ တန်ချိန် ၀ ဒသမ ၃၅ သန်းနှင့် အာဂျင်တီးနားနိုင်ငံမှ တန်ချိန် ၀ ဒသမ ၂၄ သန်း အသီးသီးတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် ယခုနှစ် ရသုံးမှန်းခြေတွင် စားသုံးဆီကဏ္ဍတိုးတက်ရေးအတွက် အသုံးစရိတ်များသုံးစွဲရန် လျာထားလျက်ရှိကြောင်း၊ ထို့ပြင် စားသုံးဆီအပေါ်ထားရှိသော အကောက်ခွန်နှုန်းထားများကို မြင့်တင်သွားရန်ရှိသည့်အတွက် ရေရှည်တွင် ပြည်တွင်းဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှုတိုးမြင့်လာကာ ပြည်ပမှတင်သွင်းမှု လျော့ချနိုင်လိမ့်မည်ဟု SEA မှ တာဝန်ရှိသူ Mehta က ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ စားသုံးဆီနှစ်၏ ပထမ ၈ လတာကာလအတွင်း ပြည်ပမှ စားသုံးဆီတင်သွင်းမှု ၂ ဒသမ ၆၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော် ဇွန်လတစ်လတာအတွင်း စားသုံးဆီတန်ချိန် ၁ ဒသမ ၅၂ သန်း တင်သွင်းခဲ့ပြီး လွန်ခဲ့သောနှစ် ကာလတူကထက် ၁၆ ဒသမ ၄၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အစိုးရအနေဖြင့်လည်း ပြည်တွင်းဆီထွက်သီးနှံ စိုက်ပျိုးထွက်ရှိမှု တိုးတက်ရန်နှင့် ပြည်ပမှ တင်သွင်းမှုလျော့ချရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိပါသည်။

**ရည်ညွှန်း။ The Hindu Businessline, India's edible oil import down 2.6% in first eight months of oil year 2023–24, July 11, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

**https://myantrade.gov.mm/**

## ဆန်တင်ပို့နိုင်သည့် အဆင့်ရောက်အောင်ကြိုးပမ်းမည်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးပြောဆို



ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သော ၂ နှစ် ဆက်တိုက်ကာလ၌ ပြည်ပမှ ဆန်တင်သွင်းခဲ့ရခြင်း မရှိသကဲ့သို့ ယခုနှစ်တွင်လည်း ဆန်တင်သွင်းရန် လိုအပ်ချက်မရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အနာဂတ်ကာလ၌ ဆန်တင်သွင်းမှုအစား ဆန်တင်ပို့ခြင်းကို လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်းဖြင့် ၇-၇-၂၀၂၄ နေ့၊ Naogaon ခရိုင်တွင်ကျင်းပသော စိုက်ပျိုးရေး နည်းပညာပြပွဲ-၂၀၂၄ ၏ ဖွင့်ပွဲအခမ်းအနား၌ ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာရေးရာဝန်ကြီး Sadhan Chandra Majumder က ပြောကြားခဲ့သည်။

အစိုးရ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဆွဲဆောင်မှုအစီအမံများကို အဆင့်လိုက် ချိန်ကိုက်လုပ်ဆောင်မှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်သည် လယ်သမားများဘက်၌ရပ်တည်ပြီး သက်သာခွင့်များ၊ အထောက်အပံ့များကို ပေးအပ်လျက်ရှိကြောင်း၊ ထို့ပြင် ခေတ်မီနည်းပညာရပ်များနှင့် လိုက်လျောညီထွေရှိမည့် စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်မှု ကိုလည်း မဆုတ်မနစ်ကြိုးပမ်းအားထုတ်လုပ်ကိုင်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာရပ် များ အသုံးချမှုမှာ တိုးတက်ကောင်းမွန်လျက်ရှိသဖြင့် ကုန်ထုတ်လုပ်မှုမှာလည်း မြင့်တက်လာခဲ့ကြောင်းဖြင့် Mr. Sadhan က ပြောဆိုခဲ့သည်။

အဆိုပါအခမ်းအနားတွင် Naogaon ခရိုင်အတွင်း မိုးစပါး (Aman paddy) စိုက်ပျိုးသည့် တောင်သူလယ်သမား ၁၂၁၀ ဦးထံသို့ အစိုးရ၏ဆွဲဆောင်မှု အထောက်အပံ့များ ပေးအပ်မှုနှင့်အတူ လူနည်းစု တိုင်းရင်းသားများ၏ ပညာသင်ကြားလျက်ရှိသော သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ချက်လက်မှတ်များနှင့် စက်ဘီးများကို စားနပ်ရိက္ခာရေးရာဝန်ကြီး Mr. Sadhan က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**Source: BSS News, 7 Jul 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

## STOCK EXCHANGE (16.7.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,500 | 740 | 6,312,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 6,345 | 21,255,750 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 131 | 1,074,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 356 | 597,450 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 136 | 368,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 7,205 | 12,248,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,600 | +0 | +0.00% | 3,650 | 3,650 | 3,600 | 19 | 68,900 | 23,804,946 | 85,698 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.69 | +0.79 | +0.20% | 400.54 | 400.69 | 398.26 | 14,932 | 41,925,000 | 8 | 755,777 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

## Main Board

As of 1:00 pm, 12th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

| MYANPIX | 400.69 ▲ 0.79 |
|---|---|
| Total Volume (shares) | 14,932 |
| Total Value (MMK) | 42 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,777 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▲ 0 |